## နိဒါန်း

*ရှင်ယောဟန်ရေးသော ဤဒုတိယစာစောင်သည် သက်ကြီးဝါကြီးသူထံမှ ချစ်ခင်မြတ်နိုးအပ်သည့် အမျိုးသမီးနှင့်သူမ၏ သားသမီးများထံသို့ရေးသားပေးပို့သည့် စာဖြစ်သည်။ ရှင်**ယောဟန်**က ဒေသအသင်းတော်တစ်ခုနှင့် ယင်း၏အသင်းတော်ဝင်သူတို့ထံသို့ ရေးပို့သည့်စာဖြစ်နိုင်ဖွယ်ရာရှိသည်။ ဤစာတိုလေးတွင် အသင်းတော်ဝင်တို့အား တစ်ဦးနှင့်တစ်ဦးချစ်ခင်ကြရန် မေတ္တာရပ်ခံလျက်ဆရာအတုအယောင်များနှင့် သူတို့၏သွန်သင်ချက်များကို လက်မခံရန် သတိပေးထားသည်။*

### *အကြောင်းအရာအကျဉ်းချုပ်*

*–နိဒါန်း ၁:၁–၃*
***–မေတ္တာတရားသည် အဓိကဖြစ်ခြင်း ၁:၄–၆***
***–မှားယွင်းသောဝါဒများကိုလက်မခံရန်သတိပေးခြင်း ၁:၇–၁၁***
*–နိဂုံး ၁:၁၂၁၃*

## အခန်းကြီး (၁)

၁။ သက်ကြီးဝါကြီးသူထံမှချစ်ခင်မြတ်နိုးအပ်သည့်အမျိုး
သမီးနှင့်သူမ၏သားသမီးများထံသို့ စာရေးလိုက်ပါ
သည်။ ငါတစ်ဦးတည်းသာမက သမ္မာတရားကိုသိ
ကြသူအပေါင်းတို့သည် သင့်တို့ကိုချစ်ခင်မြတ်နိုးမိ
၂။ ကြပါ၏။ အဘယ်ကြောင့်ဆိုသော်သမ္မာတရားသည်
ငါတို့စိတ်နှလုံးတွင် တည်နေလျက် ငါတို့နှင့်အတူ
အစဉ်မပြတ်ရှိမည်ဖြစ်သောကြောင့်တည်း။
၃။ ခမည်းတော် ဘုရားသခင် ထံတော်မှလည်းကောင်း၊
ခမည်းတော်၏သားတော်ခရစ်တော်**ယေရှု**ထံတော်မှ
လည်းကောင်း၊ ကျေးဇူးတော်ကရုဏာတော်နှင့် ငြိမ်
သက်ခြင်းသည် သမ္မာတရားကိုသိ၍ အချင်းချင်း
ချစ်ကြသောငါတို့အပေါ်သို့သက်ရောက်ပါစေသော။

### သမ္မာတရားနှင့်မေတ္တာတရား

၄။ သင်၏ သားသမီးအချို့တို့သည် ခမည်းတော်ဘုရား
ပညတ်တော်မူခဲ့သည့်အတိုင်း သမ္မာတရားတော်၌
ကျင်လည်နေကြသည်ကို တွေ့မြင်ရသဖြင့်ငါအလွန်
၅။ ဝမ်းမြောက်၏။ သို့ဖြစ်၍ ချစ်ခင်မြတ်နိုးရသော
အမျိုးသမီး၊ ငါတို့အချင်းချင်းချစ်ကြရန် သင့်အား
ငါပန်ကြား၏။ ဤပညတ်သည်အသစ်မဟုတ်၊ အစ
ကတည်းကပင်လျှင်ငါတို့ရရှိခဲ့သည့် ပညတ်ဖြစ်ပေ
၆။ သည်။ ချစ်ခြင်းဆိုသည်မှာ ကိုယ်တော်၏ ပညတ်
တော်တို့ကို လိုက်နာကျင့်သုံးခြင်းပင်ဖြစ်၏။ အစ
ကပင်လျှင် သင်တို့အားလုံးကြားနာခဲ့ရသည့်ပညတ်
တော်မှာ မေတ္တာတရားကို ကျင့်သုံးရမည် ဟူ၍ဖြစ်
၇။ သတည်း။ လူ့ဇာတိအဖြစ်ကိုခံယူ၍ သခင်**ယေရှု**
ကြွလာတော်မူသည်ကိုအသိအမှတ်မပြုဘဲ လှည့်ဖြား
သော သူအများပင် ကမ္ဘာလောကထဲသို့ရောက်ရှိ
နေလေပြီ။ ထိုသို့သောသူသည် လှည့်ဖြားသောသူ၊
၈။ ခရစ်တော်၏ရန်သူဖြစ်၏။ သို့ဖြစ်၍ သင်တို့သည်
သတိနှင့်နေကြလော့၊ သို့မှသာလျှင် ငါတို့၏ကြိုး
ပမ်းဆောင်ရွက်ချက်များသည် အချည်းနှီးမဖြစ်ဘဲ၊
သင်တို့သည်ဆုလဒ်ကို အပြည့်အဝ ခံစားရကြလိမ့်
၉။ မည်။ ခရစ်တော်၏တရားဒေသနာတော်၌ မတည်
ဘဲ၊ လွန်ကျူးသောသူ၌ဘုရားသခင်မရှိ။ ထိုတရား
တော်၌တည်နေသော သူ၌မူကား ခမည်းတော် နှင့်
၁၀။ သားတော်ပါရှိ၏။ ထိုတရားတော်ကိုမသွန်သင်သော
သူသည် သင့်ထံသို့ရောက်ရှိလာသောအခါ သင်တို့
အိမ်တွင်လက်မခံကြနှင့်။သူ့အား ငြိမ်သက်ခြင်းရှိပါ
၁၁။ စေဟူ၍လည်း နှုတ်မဆက်နှင့်။ အဘယ်ကြောင့်ဆို
သော် ထိုသူအား ငြိမ်သက်ခြင်းရှိပါစေဟု နှုတ်ခွန်း
ဆက်သူသည် ထိုသူတို့နှင့်အပေါင်းအပါဖြစ်၍ ဆိုး
ယုတ်မှုကိုပြုကျင့်ရာရောက်သောကြောင့်တည်း။

### နိဂုံးချုပ်စကား

၁၂။ သင်တို့အားပြောစရာများစွာရှိသော်လည်း ငါသည်
စက္ကူပေါ်၌ မှင်နှင့်ရေးခြင်းငှာ အလိုမရှိ။ ငါတို့၏
ရွှင်လန်းဝမ်းမြောက်ခြင်းပြည့်ဝစုံလင်စေရန် ငါသည်
သင်တို့ထံသို့အလည်အပတ်လာ၍ သင်တို့နှင့်ကိုယ်
၁၃။ တိုင်တွေ့ဆုံပြောဆိုရန် မျှော်လင့်၏။ သင်ချစ်ခင်
မြတ်နိုးသော ညီမ၏သားသမီးများက သင့်ကိုနှုတ်
ဆက်လိုက်ကြပါ၏။